ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန

အမိန့်ကြော်ငြာစာအမှတ် ၄၄/၂၀၂၂

၁၃၈၄ ခုနှစ်၊ ဝါဆိုလဆန်း ၄ ရက်

( ၂၀၂၂ ခုနှစ်၊ ဇူလိုင်လ ၁ ရက် )

စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနသည် ကုန်အမှတ်တံဆိပ်မူပိုင်ခွင့်ဥပဒေ ပုဒ်မ ၁၀၆၊ ပုဒ်မခွဲ (ခ)၊ ပုဒ်မခွဲငယ် (၂) အရ အပ်နှင်းထားသော လုပ်ပိုင်ခွင့်ကို ကျင့်သုံး၍ ဤအမိန့်ကြော်ငြာစာ ထုတ်ပြန်လိုက်သည်။

**အမှတ်တံဆိပ်မှတ်ပုံတင်ခြင်းဆိုင်ရာကိစ္စရပ်များအတွက် လိုအပ်သော လျှောက်လွှာပုံစံများ သတ်မှတ်ခြင်း**

၁။ ကုန်အမှတ်တံဆိပ်မူပိုင်ခွင့်ဥပဒေနှင့်အညီ အမှတ်တံဆိပ်မှတ်ပုံတင်ခြင်းဆိုင်ရာကိစ္စရပ်များနှင့်စပ်လျဉ်း၍ ဆောင်ရွက်ရာတွင် အသုံးပြုရန် လိုအပ်သည့် လျှောက်လွှာပုံစံများကို ပူးတွဲပါအတိုင်း သတ်မှတ်လိုက်သည်။

၂။ အမှတ်တံဆိပ်မှတ်ပုံတင်ခြင်းဆိုင်ရာကိစ္စရပ်များ ဆောင်ရွက်ရာတွင် အသုံးပြုရန် လိုအပ်သည့် လျှောက်လွှာပုံစံများကို အခါအားလျော်စွာ စိစစ်သုံးသပ်၍ ပြင်ဆင်သတ်မှတ် ဆောင်ရွက်သွားမည် ဖြစ်သည်။

(ပုံ)

ဒေါက်တာပွင့်ဆန်း
ပြည်ထောင်စုဝန်ကြီး
စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန

စာအမှတ်၊ ၁၁ / ၂ - ၃၇ / ၂၀၂၂ ( ၂၆ )
ရက်စွဲ ၊ ၂၀၂၂ ခုနှစ် ၊ ဇူလိုင်လ ၁ ရက်

**ဖြန့်ဝေခြင်း**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌရုံး
နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအတွင်းရေးမှူးရုံး
နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီရုံး

ပြည်ထောင်စုအစိုးရအဖွဲ့ရုံး

ပြည်ထောင်စုလွှတ်တော်ရုံး

ပြည်သူ့လွှတ်တော်ရုံး

အမျိုးသားလွှတ်တော်ရုံး

ပြည်ထောင်စုတရားလွှတ်တော်ချုပ်

နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံး

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ရုံး

ပြည်ထောင်စုဝန်ကြီးဌာနအားလုံး

ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး

ပြည်ထောင်စုရာထူးဝန်အဖွဲ့

နေပြည်တော်ကောင်စီ

တိုင်းဒေသကြီး / ပြည်နယ် အစိုးရအဖွဲ့ အားလုံး

မြန်မာနိုင်ငံတော်ဗဟိုဘဏ်

အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်ရုံး

မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်ရုံး

ညွှန်ကြားရေးမှူးချုပ်၊ ကုန်သွယ်ရေးဦးစီးဌာန

ညွှန်ကြားရေးမှူးချုပ်၊ စားသုံးသူရေးရာဦးစီးဌာန

ညွှန်ကြားရေးမှူးချုပ်၊ မူပိုင်ခွင့်ဦးစီးဌာန

ညွှန်ကြားရေးမှူးချုပ်၊ မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့

ညွှန်ကြားရေးမှူးချုပ် ⎫ မြန်မာနိုင်ငံပြန်တမ်းတွင်
ပုံနှိပ်ရေးနှင့်ထုတ်ဝေရေးဦးစီးဌာန ⎭ ထည့်သွင်းကြေညာပေးပါရန်

ဥက္ကဋ္ဌ၊ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များ
အသင်းချုပ် ( ညီနောင်အသင်းများထံ ထပ်မံဖြန့်ဝေပေးပါရန် မေတ္တာရပ်ခံချက်ဖြင့် ပေးပို့ပါသည်။ )

အမိန့်အရ

မင်းမင်း

အမြဲတမ်းအတွင်းဝန်

( ပူးတွဲ )

# ကုန်အမှတ်တံဆိပ်မူပိုင်ခွင့်ဥပဒေအရ အမှတ်တံဆိပ်မှတ်ပုံတင်ခြင်းဆိုင်ရာ လိုအပ်သော လျှောက်လွှာပုံစံများ

| လျှောက်လွှာနံပါတ် | လျှောက်လွှာအမျိုးအစား | မှတ်ချက် |
|---|---|---|
| TM – 1 | အမှတ်တံဆိပ်မှတ်ပုံတင် လျှောက်ထားခြင်း | |
| TM – 2 | ကိုယ်စားလှယ် ခန့်အပ်လွှာ | |
| TM – 3 | သတ်မှတ်ထားသည့် စည်းကမ်းများ ပျက်ကွက်ခဲ့မှုကြောင့် အမှတ်တံဆိပ်မှတ်ပုံတင်ခြင်းအား ပြန်လည်လျှောက်ထားခွင့်ပြုပါရန် တောင်းဆိုခြင်း | |
| TM – 4 | အမှတ်တံဆိပ်မှတ်ပုံတင် လျှောက်ထားချက်တွင် စာအရေးအသားအမှားနှင့် အခြားမှားယွင်းမှုများအား ပြင်ဆင်ပေးရန် တောင်းဆိုခြင်း | |
| TM – 5 | အမှတ်တံဆိပ် မှတ်ပုံတင် လျှောက်ထားခြင်းအား ရုပ်သိမ်းပေးရန် တောင်းဆိုခြင်း | |
| TM – 6 | အမှတ်တံဆိပ် မှတ်ပုံတင်လျှောက်ထားချက်ပါ ကုန်ပစ္စည်းသို့မဟုတ် ဝန်ဆောင်မှုအမျိုးအစားစာရင်းအား ကန့်သတ်ပေးရန် တောင်းဆိုခြင်း | |
| TM – 7 | အမှတ်တံဆိပ် မှတ်ပုံတင်လျှောက်ထားခြင်းအား ခွဲခြားပေးရန် တောင်းဆိုခြင်း | |
| TM – 8 | အမှတ်တံဆိပ် မှတ်ပုံတင်ခြင်းအား ကန့်ကွက်ခြင်း | |
| TM – 9 | အမှတ်တံဆိပ် မှတ်ပုံတင်လက်မှတ် မိတ္တူမှန်ထုတ်ပေးရန် တောင်းဆိုခြင်း | |
| TM – 10 | အမှတ်တံဆိပ် မှတ်ပုံတင်စာရင်းတွင် မှတ်တမ်းတင်ထားသည့် ပြင်ဆင်ခွင့်ပြုနိုင်သည့် အချက်အလက်များကို ပြင်ဆင်ပေးရန် တောင်းဆိုခြင်း | |
| TM – 11 | အမှတ်တံဆိပ်မှတ်ပုံတင်သက်တမ်းတိုးပေးရန် တောင်းဆိုခြင်း | |
| TM – 12 | အမှတ်တံဆိပ်အခွင့်အရေးများ လွှဲပြောင်းခြင်းအား မှတ်တမ်းတင်ပေးရန် တောင်းဆိုခြင်း | |

| လျှောက်လွှာနံပါတ် | လျှောက်လွှာအမျိုးအစား | မှတ်ချက် |
|---|---|---|
| TM – 13 | မှတ်ပုံတင်ထားသော အမှတ်တံဆိပ်ကို ခွင့်ပြုချက်ဖြင့် လုပ်ကိုင်ခွင့်ပေးခြင်းအား မှတ်တမ်းတင်ပေးရန် တောင်းဆိုခြင်း | |
| TM – 14 | မှတ်ပုံတင်ထားသော အမှတ်တံဆိပ်ကို ခွင့်ပြုချက်ဖြင့် လုပ်ကိုင်ခွင့်ပေးခြင်းအား မှတ်တမ်းတင်ခြင်းမှ ပယ်ဖျက်ပေးရန် တောင်းဆိုခြင်း | |
| TM – 15 | မှတ်ပုံတင်အမှတ်တံဆိပ်အား တရားမဝင်ကြောင်း ကြေညာပေးရန် တောင်းဆိုခြင်း | |
| TM – 16 | မှတ်ပုံတင် အမှတ်တံဆိပ်အား ပယ်ဖျက်ပေးရန် တောင်းဆိုခြင်း | |
| TM – 17 | ကိုယ်စားလှယ်အမည် ပြောင်းလဲပြင်ဆင်ပေးရန် တောင်းဆိုခြင်း | |
| TM – 18 | သတ်မှတ်ထားသည့် သက်တမ်းကာလအား တိုးမြှင့်ပေးပါရန် တောင်းဆိုခြင်း | |
| TM – 19 | အယူခံလျှောက်ထားခြင်း | |

မှတ်ချက်။ (၁) အမှတ်တံဆိပ် မှတ်ပုံတင် လျှောက်ထားခြင်းအတွက် လျှောက်လွှာပုံစံ (TM–1) ဖြင့် မှတ်ပုံတင်အရာရှိထံ လိပ်မူ၍ လျှောက်ထားရမည်။

(၂) အမှတ်တံဆိပ် မှတ်ပုံတင် လျှောက်ထားခြင်းနှင့်စပ်လျဉ်းသည့် ကိစ္စရပ်များအတွက် လျှောက်လွှာပုံစံ (TM–2) မှ (TM–18) အထိ လျှောက်လွှာပုံစံများကို အသုံးပြု၍ မှတ်ပုံတင်အရာရှိထံ လိပ်မူ၍ လျှောက်ထားရမည်။

(၃) အမှတ်တံဆိပ် မှတ်ပုံတင် လျှောက်ထားခြင်းနှင့် စပ်လျဉ်းသည့် အယူခံလျှောက်ထားခြင်းအတွက် လျှောက်လွှာပုံစံ (TM–19) ဖြင့် အေဂျင်စီဥက္ကဋ္ဌ ထံ လိပ်မူ၍ လျှောက်ထားရမည်။